August. 2024 | Vol. 13

# YANGON STOCK EXCHANGE

## ရန်ကုန်စတော့အိပ်ချိန်းမှထုတ်ဝေသောသုံးလပတ်သတင်းလွှာ




## "ASEAN-Interconnected Sustainability Ecosystem (ASEAN-ISE) Workshop" သို့ တက်ရောက်ခြင်း

The "ASEAN-Interconnected Sustainability Ecosystem (ASEAN-ISE) Workshop" ကို ၂၀၂၄ ခုနှစ်၊ မေလ (၂) ရက်မှ (၃) ရက်နေ့အထိ စင်ကာပူစတော့အိပ်ချိန်း၌ ကျင်းပခဲ့ရာ ရန်ကုန်စတော့အိပ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာဦးမင်းသူ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအတွင်း ဒေသတွင်း စတော့အိပ်ချိန်းများမှ တာဝန်ရှိသူများက မိမိတို့ စတော့အိပ်ချိန်းများ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

### WHAT'S INSIDE THIS ISSUE?


- "ASEAN-Interconnected Sustainability Ecosystem (ASEAN-ISE) Workshop" သို့ တက်ရောက်ခြင်း။
- ရန်ကုန်စတော့အိပ်ချိန်းသို့ GUSTO University မှ ကျောင်းသား/သူများ လေ့လာရေးခရီး လာရောက်ခြင်း။
- စာရင်းဝင်အကြိုဈေးကွက်၏ မှတ်ပုံတင်အကြံပေး ကုမ္ပဏီများအား မိတ်ဆက်ပွဲအခမ်းအနား ကျင်းပခြင်း။
- စာရင်းဝင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ
- ပထမသုံးလပတ်အတွင်း စတော့ဈေးကွက်အခြေအနေများ





## ရန်ကုန်စတော့အိပ်ချိန်းသို့ GUSTO University မှ ကျောင်းသား/သူများလေ့လာရေးခရီးလာရောက်ခြင်း။

GUSTO University မှ ကျောင်းသား/သူ (၂၈) ဦး ပါဝင်သော လေ့လာရေးအဖွဲ့သည် ရန်ကုန်စတော့အိပ်ချိန်းသို့ (၂၁-၅-၂၀၂၄) နေ့က လေ့လာရေးခရီး လာရောက်ခဲ့ရာ အဆိုပါခရီးစဉ်အတွင်း ရန်ကုန်စတော့အိပ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက "Overview of Capital Market"ခေါင်းစဉ်ဖြင့် အရင်းအနှီးဈေးကွက်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပို့ချခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းမှ တက္ကသိုလ်များနှင့် ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်းများ၏ လေ့လာရေးခရီးစဉ်များကို လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး လေ့လာရေးခရီး လာရောက်လိုပါက ရုံးချိန်အတွင်း ဖုန်း (၀၁-၈-၃၇၁ ၂၇၄) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

continued Pg.2

## စာရင်းဝင်အကြိုဈေးကွက်၏ မှတ်ပုံတင်အကြံပေးကုမ္ပဏီများအား မိတ်ဆက်ပွဲအခမ်းအနား ကျင်းပခြင်း





စာရင်းဝင်အကြိုဈေးကွက် Pre-Listing Board တွင် မှတ်ပုံတင်အကြံပေးအဖြစ် ဆောင်ရွက်ကြမည့် ကုမ္ပဏီများအား မိတ်ဆက်ပွဲ အခမ်းအနားကို ရန်ကုန်စတော့အိပ်ချိန်း ပင်မခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၆) ရက် နေ့က ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇင်ထွန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး Trust Venture Partners Co., Ltd မှ Director ဒေါက်တာစည်သူဖြိုး၊ Maximax Solution Services Co., Ltdမှ Founder ဦးသန်းအောင်၊ Myanmar Enterprise Solutions Co., Ltd မှ Founder ဦးမျိုးဟိန်းနှင့် ရန်ကုန်စတော့အိပ်ချိန်းမှ Executive Senior Manager ဦးသက်ထွန်းဦးတို့က "Equity Financing Via Pre Listing Board" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ကာ စာရင်းဝင်အကြိုဈေးကွက်ဆိုင်ရာ သိကောင်းစရာများကို မျှဝေခဲ့ကြပါသည်။ Trust Venture Partners Co., Ltd၊ Maximax Solution Services Co., Ltd နှင့် Myanmar Enterprise Solutions Co., Ltd တို့သည် ရန်ကုန်စတော့ချိန်းတွင် မကြာမီဖွင့်လှစ်တော့မည့် စာရင်းဝင်အကြိုဈေးကွက်၌ မှတ်ပုံတင်အကြံပေးကုမ္ပဏီများအဖြစ် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

## စာရင်းဝင်ကုမ္ပဏီများ၏ အရေးကြီး ထုတ်ပြန်ချက်များ

### ဧပြီ~မေ~ဇွန် | ၂၀၂၄

***MTSH***

- ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်ရလဒ်များကို အသိပေးကြေညာခြင်း
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့်စိစစ်လေ့လာချက်များ

***MCB***

- ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း
- ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာ
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့်စိစစ်လေ့လာချက်များ

***FPB***

- ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း

## LISTED COMPANIES UPDATES (Q1-2024-25)

**■MTSH | JUN 2024**

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်ရလဒ်များကို အသိပေးကြေညာခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်ရလဒ်များကို အစုရှယ်ယာရှင်များထံ အသိပေးကြေညာခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/6qfx7e

**■MTSH | JUN 2024**

စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ စီမံအုပ်ချုပ်သူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များကို အစုရှယ်ယာရှင်များထံ အသိပေးကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/NAeVu

**■MCB | MAY 2024**

ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း

မြန်မာနိုင်ငံသားများဘဏ်၏ ၅၆ ဘဏ်မြောက် ဘဏ်ခွဲသစ်ဖွင့်လှစ်ခြင်းအား ၂၀၂၄ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/6LwUG

**■MCB | JUN 2024**

ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာ

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာများကို အစုရှယ်ယာရှင်များထံ အသိပေးကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/5WrZA

**■ MCB | JUN 2024**

စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ် စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်နှင့် စိစစ်လေ့လာချက်များကို မြန်မာနိုင်ငံသားများဘဏ်မှ အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် အသိပေးကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://rb.gy/kjngl2

**■FPB | MAY 2024**

ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား ၂၀၂၄ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://rb.gy/j71que

continued Pg.3

## စာရင်းဝင်ကုမ္ပဏီများ၏ အရေးကြီး ထုတ်ပြန်ချက်များ

### ဧပြီ~မေ~ဇွန် | ၂၀၂၄

*FPB*

- ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာ

*TMH*

- ဘဏ္ဍာရေးရှင်းတမ်းများနှင့် ပြင်ပစာရင်းစစ် အစီရင်ခံစာ
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

*EFR*

- နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည့်ရက်အား အသိပေးကြေညာခြင်း
- ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော နှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

AMATA

- အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်အား ကြိုတင်အသိပေးကြေညာခြင်း
- ဆင္ဍမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း
- ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော နှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ခြင်း
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

*MAEX*

- ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော နှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ခြင်း
- အမြတ်ဝေစုခံစားခွင့်အား အသိပေးကြေညာခြင်း
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

# LISTED COMPANIES UPDATES (Q1-2024-25)

**■ FPB | JUN 2024**

ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ဘဏ္ဍာရေးရှင်းတမ်းများနှင့် အခြားဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် အစုရှယ်ယာရှင်များထံ အသိပေးထုတ်ပြန်ခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://rb.gy/6pssy8

**■ TMH | JUN 2024**

ဘဏ္ဍာရေးရှင်းတမ်းများနှင့် ပြင်ပစာရင်းစစ် အစီရင်ခံစာ

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများနှင့် ပြင်ပစာရင်းစစ် အစီရင်ခံစာများကို TMH TELECOM PUBLIC COMPANY LIMITED မှ ၎င်း၏အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/xdaXH

**■ TMH | JUN 2024**

စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့်စိစစ်လေ့လာချက်များ

စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များကို TMH TELECOM PUBLIC COMPANY LIMITED မှ ၎င်း၏ အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/746qz

**■ EFR | JUN 2024**

နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက်အား အသိပေးကြေညာခြင်း

ထာဝရနန်ဒီအုပ်စု ကုမ္ပဏီလီမိတက်၏ အဌမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည့်ရက်အား အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/PRkzZ

**■ EFR | JUN 2024**

၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်

ထာဝရနန်ဒီအုပ်စုကုမ္ပဏီများ (အများနှင့်သက်ဆိုင်သော) လီမိတက်နှင့် လက်အောက်ခံကုမ္ပဏီများ၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/scBoG

**■ EFR | JUN 2024**

စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့်စိစစ်လေ့လာချက်များ

ထာဝရနန်ဒီအုပ်စု ကုမ္ပဏီလီမိတက်မှ စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များကို အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/BB8Sk

**■ AMATA | MAY 2024**

အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်အား ကြိုတင်အသိပေးကြေညာခြင်း

AMATA Holding Public ကုမ္ပဏီလီမိတက်မှ ဆဌမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအတွက် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်အား ရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/XvHm6

**■ AMATA | JUN 2024**

ဆဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

AMATA Holding Public ကုမ္ပဏီလီမိတက်၏ ဆဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံ ဖိတ်ကြားခြင်းကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/7RcN4

**■ AMATA | JUN 2024**

၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော နှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ

၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက် AMATA Holding Public ကုမ္ပဏီလီမိတက်၏ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/Qz29y

**■ AMATA | JUN 2024**

စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

AMATA Holding Public ကုမ္ပဏီလီမိတက်မှ စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များကို အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/c2AGI

**■ MAEX | JUN 2024**

၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော နှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ

MAEX Public ကုမ္ပဏီလီမိတက်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော နှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများကို အစုရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ဇွန်လ ၂၅ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/X8qBn

**■ MAEX | JUN 2024**

အမြတ်ဝေစုခံစားခွင့်အား အသိပေးကြေညာခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်ရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့ကို MAEX Public ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ဇွန်လ ၂၅ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/M5g6L

**■ MAEX | JUN 2024**

စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စီစစ်လေ့လာချက်များ

MAEX Public ကုမ္ပဏီလီမိတက်မှ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များကို အစုရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်:

continued Pg.4

# YSX QUARTERLY MARKET SUMMARY (Q1- 2024-25)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


### Continuous Trading + Block Trading

| STATISTICS AT A GLANCE | Q4-23/24 (Jan-Mar) | Q1-24/25 (Apr-Jun) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | 61 | 56 | |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | 8 | 8 | |
| စတော့အညွှန်းကိန်း (MYANPIX) | 358.98 | 411.75 | 13% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း | 1,238,967 | 1,375,110 | 10% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ | 20,311 | 24,556 | 17% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) | 3,034 | 3,736 | 19% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုး(ကျပ်သန်းပေါင်း) | 50 | 67 | 25% |
| ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) | 677,109 | 776,630 | 13% |


# QUARTERLY STOCK PERFORMANCE (Q1- 2024-25)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


### Continuous Trading Only





ရှယ်ယာစောင်ရေစုစုပေါင်း: - ၄၈,၈၇၂
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၃၂.၄၆





ရှယ်ယာစောင်ရေစုစုပေါင်း: - ၁၉၃,၇၃၉
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၅၈၅.၂၉





ရှယ်ယာစောင်ရေစုစုပေါင်း: - ၁,၇၃၁
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၄.၁၃





ရှယ်ယာစောင်ရေစုစုပေါင်း: - ၁၉၉,၄၅၇
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃၂၀.၃၈ mil





ရှယ်ယာစောင်ရေစုစုပေါင်း: - ၅၀၇၆
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၃.၃၄ mil





ရှယ်ယာစောင်ရေစုစုပေါင်း: - ၃၃,၀၁၄
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၅၉.၂၅ mil




ရှယ်ယာစောင်ရေစုစုပေါင်း: - ၄၀၀၉
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၉.၁၂ mil




ရှယ်ယာစောင်ရေစုစုပေါင်း: - ၆၂၀၉၉
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၆၄.၅၉ mil




ရှယ်ယာစောင်ရေစုစုပေါင်း: - ၅၄၇,၉၉၇
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၆၀၈.၅၅ mil